# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 9 August 2025 ၁၁၉၀၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်းလာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

**ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး**

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire၊ ထိုင်းသံအမတ်ကြီး H.E. Mr. Mogkol Visitstump၊ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး Dr. Md. Monwar Hossain၊ ဘရာဇီးသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes၊ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ ယူအေအီးသံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem၊ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း စာမျက်နှာ » ၃

လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ … ဆောင်းပါး စာမျက်နှာ » ၈

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့ အခမ်းအနားများ ကျင်းပ စာမျက်နှာ » ၉





ကြေးမုံ

# အီလက်ထရောနစ်အားကစားနည်းဖြင့် ကမ္ဘာ့အလယ်ဝင့်ထည်နိုင်ငံ့ဂုဏ်ဆောင်

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင် ဇူလိုင်လ ၂၅ ရက်နေ့မှ ဩဂုတ်လ ၃ ရက်နေ့အထိ ကျင်းပခဲ့သည့် 2025 E-sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သည့် မြန်မာနိုင်ငံမှ Yangon Galacticos အသင်းသည် ဩဂုတ်လ ၇ ရက်နေ့က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးသည့် အောင်ပွဲရအားကစားသမားများအား သောင်းသောင်းဖြဖြကြိုဆိုကြပြီး ဂုဏ်ပြုအခမ်းအနားပြုလုပ်ခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်ကြရသည်။

မျက်မှောက်ကာလတွင် သတင်းအချက်အလက်နှင့်နည်းပညာမှာ နေ့စဉ်နှင့်အမျှ တိုးတက်မြင့်မားလျက်ရှိပြီး အသစ်အသစ်ပေါ်ထွက်လာသော နည်းပညာများကို ကမ္ဘာပေါ်ရှိလူငယ်လူရွယ်များအားလုံး နှစ်သက်ရာနည်းပညာများကို နေ့စဉ်အသုံးပြုလျက်ရှိသည်။ ဆန်းသစ်သော နည်းပညာအမျိုးမျိုးကို လူငယ်လူရွယ်များအနေဖြင့် အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် အီလက်ထရောနစ်အားကစားနည်းကို ကမ္ဘာ့အားကစားကဏ္ဍတွင် အစောပိုင်းကာလများကတည်းက ထည့်သွင်းကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်မှစတင်၍ ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းရာမှ E-sports အားကစားနည်းသည် ထင်ရှားလာသည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ် ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အီလက်ထရောနစ်အားကစားသမားများကို လက်ရည်စစ်ရွေးချယ်ခဲ့ရာမှ လူငယ်လူရွယ်များကြားတွင် အီလက်ထရောနစ်အားကစားအပေါ် စိတ်ဝင်စားမှုမြင့်မားလာသည်။ ယခင်က အီလက်ထရောနစ်အားကစားနည်းသည် သရုပ်ပြအားကစားနည်းအဆင့်တွင်သာရှိရာမှ ၂၀၁၉ ခုနှစ် ဆီးဂိမ်းမှစတင်၍ ဆုတံဆိပ်ချီးမြှင့်သည့် ပြိုင်ပွဲအားကစားနည်းအဖြစ်ပါဝင်လာသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်သည့် အီလက်ထရောနစ်အားကစားနည်း ခြောက်မျိုးအနက် မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးနှင့် အားကစားသမားအင်အားအတောင့်တင်းဆုံး DOTA 2, MLBB, VOA Game ကစားနည်းများဖြင့် စတင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်အနေဖြင့် E-sports အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် အီလက်ထရောနစ်အားကစားကို စိတ်ဝင်စားကြသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လူငယ်လူရွယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတွင် လက်ရည်စစ်ပြိုင်ပွဲများကို လက်ခံကျင်းပပေးပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုများချီးမြှင့်ပေးခဲ့သည်။ လူငယ်လူရွယ်များအနေဖြင့် မိမိတို့နှစ်သက်ရာ အီလက်ထရောနစ်နည်းအမျိုးမျိုးကို နေ့စဉ်အသုံးပြုလျက်ရှိရာတွင် အပျော်သက်သက် နေ့စဉ်အချိန်ကုန်အချည်းနှီးမဖြစ်စေဘဲ မိမိအတွက်၊ နိုင်ငံအတွက် အကျိုးရှိထိရောက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယခုအခါ နိုင်ငံအတွက် ဂုဏ်ယူစရာအကျိုးရလဒ်ကောင်းများကို ရရှိခဲ့ပြီဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့တွင် ကျင်းပခဲ့သည့် 2025 E-sports World Cup ပြိုင်ပွဲသည် ကမ္ဘာ့အဆင့် ပြိုင်ပွဲကြီးတစ်ပွဲဖြစ်သည်။ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ပရော်ဖက်ရှင်နယ်အားကစားသမား ၅၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ကြီးကျယ်ခမ်းနားသော ပြိုင်ပွဲကြီးဖြစ်သည်။ မြန်မာနိုင်ငံကိုယ်စားပြု အီလက်ထရောနစ်အားကစားအဖွဲ့အနေဖြင့် ကမ္ဘာ့အဆင့် E-sports ပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ E-sports အမျိုးအစား ၂၅ မျိုးကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံကိုယ်စားပြုအသင်းသည် အိမ်ရှင်ဆော်ဒီအာရေဗျ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ နီပေါ၊ ပါကစ္စတန်၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ တူကီယဲ၊ အီဂျစ်၊ ဘရာဇီး စသည့်လက်ရွေးစင်နိုင်ငံ ၁၆ နိုင်ငံမှ ထိပ်သီး ၂၄ သင်းနှင့်ယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံဆုကို ထိုက်တန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြု အီလက်ထရောနစ်အားကစားအသင်းသည် 2025 E-sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံများမှ ပရော်ဖက်ရှင်နယ် အားကစားသမားများကိုကျော်ဖြတ်၍ ပွဲစဉ်တိုင်း၌ အမှတ်အမြင့်ဆုံးဖြင့် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့ချန်ပီယံဆုကို ရရှိခဲ့ခြင်းဖြစ်ရာ မြန်မာနိုင်ငံမှ လူငယ်လူရွယ်များအတွက် အားတက်ဂုဏ်ယူစရာဖြစ်သလို ကမ္ဘာ့ချန်ပီယံဆုရရှိခဲ့သဖြင့် နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်ပါကြောင်း။ ။

## ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၄၇ / ၂၀၂၅ )

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၁၅ ရက်

( ၂၀၂၅ ခုနှစ် ၊ ဩဂုတ်လ ၈ ရက် )

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပရပ်ကွက်၊ ကြာအင်းတောင်ပေါ်လမ်း၊ အိမ်အမှတ် [၉/၃၄(A)] တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၆၀) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တောင်ကြီးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၈**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၆ ရက်က တောင်ကြီးမြို့ စန်းစန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ကြီးမြို့နယ် သဘာပတိ သမဝါယမအသင်းစုဥက္ကဋ္ဌက အသင်း၏လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လမ်းညွှန်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး တောင်ကြီးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အမှုဆောင်အဖွဲ့က လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူဆောင်ရွက်ခြင်းတို့ကိုပြုလုပ်ခဲ့ပြီး သက်တမ်းပြည့်အမှုဆောင်များ နုတ်ထွက်ခဲ့ကြပြီး အစည်းအဝေး ပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။ ထို့နောက် အမှုဆောင်သစ်ရွေးချယ်ပွဲအခမ်းအနားကို ကျင်းပကာ ဥက္ကဋ္ဌအသစ်က မိတ်ဆက်စကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဇိုင်းထက်လှိုင် (တောင်ကြီး)**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၈

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ၈ - ၈ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၁၀၀ | ၆၃၁ | ၄,၅၀၀,၁၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၄၃၆ | ၁,၃၇၀,၉၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁ | ၇,၇၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၃၁ | ၆၂,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁,၀၀၀ | ၂,၆၀၀,၀၀၀ |
| EFR | ၁,၅၅၀ | ၁,၆၅၀ | ၂,၇၈၀ | ၄,၄၈၅,၆၀၀ |
| AMATA | ၃,၂၀၀ | ၃,၄၅၀ | ၇၆၃ | ၂,၅၀၃,၈၅၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၀ | ၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် အဘ ဦးကြီးမောင်၊ အမိ ဒေါ်ကြည်တို့မှ မန္တလေးမြို့၌ ၁၉၅၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၅)သို့ တက်ရောက်၍ ၁၉၇၃ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ထို့နောက် တာဝန်ကျရာတပ်ဌာနချုပ်အသီးသီးတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်တွင် တပ်မမှူးတာဝန်နှင့် စစ်ဦးစီးဗိုလ်မှူးချုပ်တာဝန်အား တွဲဖက်၍လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်တာဝန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်အား တွဲဖက်၍လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အမှတ်(၅)စစ်ဆင်ရေးအထူးအဖွဲ့မှူးအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပထမလွှတ်တော်သက်တမ်းကာလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် တာဝန်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဒုတိယလွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ(၁)တာဝန်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ နိုင်ငံတော်အားအရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလမှ ကွယ်လွန်ချိန်အထိ ယာယီသမ္မတတာဝန်ကိုလည်းကောင်း ထမ်းဆောင်နိုင်ခဲ့သည်။ ထိုသို့ တပ်မတော်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက် နေ့မအားညမနား စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့စစ် တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတံဆိပ်၊ မိုင်းယန်း/မဲသဝေါတံဆိပ်၊ စစ်မှုထမ်းကောင်း တံဆိပ်၊ သင်္ဂဟတံဆိပ်၊ သရေစည်သူဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့များကို ထိုက်တန်စွာချီးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းအပြင် အစိုးရအဆက်ဆက် အမျိုး၊ ဘာသာ၊ သာသနာအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် မြောက်မြားစွာသောကော်မတီ အရပ်ရပ်တွင်လည်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်သက်ဌေး၊ သမီး ဒေါ်ခင်သက်ထားဆွေနှင့် သားဗိုလ်ကြီး ကျော်ဘုန်းမြင့်(ငြိမ်း)တို့ ကျန်ရစ်ခဲ့သည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကြွင်းကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်ဈာပနအခမ်းအနားဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**☆ ရှေ့ဖုံးမှ**

ကမ္ဘောဒီးယားသံအမတ်ကြီး H.E. Mr. CHENG Manith၊ လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG နှင့် အစ္စရေးသံရုံးယာယီတာဝန်ခံ Mrs. Ruth Zakh၊ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade နှင့် ဟိုလီဆီးသံရုံး ယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary တို့က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




**ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Dr. Md. Monwar Hossain က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။**




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဘရာဇီးသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ကမ္ဘောဒီးယားသံအမတ်ကြီး H.E. Mr. CHENG Manith က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။




ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဟိုလီဆီးသံရုံးယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ Container House များ၌ နေထိုင်နေမှုကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၈**

ပြန်ကြားရေး ဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" အဖွင့် သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသားလူငယ်များသည် အနာဂတ်တွင် တိုင်းပြည်အတွက် အရေးကြီးဆုံး အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များ ဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ မိမိဘဝ အနာဂတ်လှပစေရန် ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းပြီး မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိနိုင်ငံက ဂုဏ်ယူလေးစားတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်း ရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ Container House များ၌ နေထိုင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မောင်ကောင်းခန့်ဂျွန်နှင့် မလင်းလင်းထက်တို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၏ ဇနီးက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မသွန်းယမုံဇော်နှင့် မမေနှင်းသူသူတို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးက လေးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မောင်သော်ဇင်ထွန်းနှင့် မောင်မန်းဒေးလင်းပိုင်ကီးတို့အား လည်းကောင်း၊ ဒုတိယဝန်ကြီး၏ ဇနီးက လေးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်မောင်ကောင်းပြည့်ခန့်နှင့် သုံးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မခင်လပြည့်ဦးတို့အား လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက သုံးဘာသာ ဂုဏ်ထူးနှင့် တစ်ဘာသာ ဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ငါးဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ကောင်းခန့်ဂျွန်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ ရိုးရိုးအောင်မြင်သူ ၇၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် သုံးဦးတို့ရှိပြီး ရိုးရိုးအောင်မြင်သူ တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ရာ ကျောင်းသား ကျောင်းသူများအတွက် စုစုပေါင်း ချီးမြှင့်ငွေကျပ် ၁၀၆၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

နံနက် စောစောပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိများက ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ရုံးဧရိယာအတွင်း၌ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော Container House များ၌ နေထိုင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက Container House များတွင် နေထိုင်သည့် ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းကမ်းတကျ နေထိုင်ကြရန်၊ ဝန်ထမ်းမိသားစုများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်ကြရန်၊ ယာယီနေထိုင်စဉ်ကာလအတွင်း ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက် နေထိုင်ကြရန် မှာကြားပြီး ဝန်ထမ်းမိသားစုဝင် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းနှင့် မိသားစုဝင်များ အခန်းအလိုက်နေထိုင်နေမှု၊ လျှပ်စစ်မီး၊ သောက်ရေသုံးရေအတွက် စနစ်တကျစီမံဆောင်ရွက်ပေးထားမှု၊ စားဖိုဆောင်များ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ယာယီအဆောက်အအုံ ဧရိယာအတွင်း သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပန်းဘဲတန်းမြို့နယ် "သန့်" သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ပန်းဘဲတန်း ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် "သန့်" အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဥက္ကဋ္ဌ ဦးမျိုးမင်းလွင်က အသင်း၏စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသား ဦးရဲထက်အောင်က ဖတ်ကြားတင်သွင်းပြီး အသင်းသား ဦးဥက္ကာစိုးက ထောက်ခံအဆိုပြု၍အသင်းသားများက သဘောတူအတည်ပြုခဲ့ကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အသင်းသားများအား အစုအပေါ်အမြတ်ငွေ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၉)သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၈**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၉)၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်က ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများကို မိမိတို့၏ တပည့်များနှလုံးရည်၊ ပညာရည်ပြည့်ဝကာ ယဉ်ကျေးသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိစေရေး ငယ်စဉ်ကတည်းက အသိစိတ်ကိန်းအောင်းနေအောင် သွန်သင်ဆုံးမကြစေလိုကြောင်း၊ နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်နှင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း အသက်အရွယ်အလိုက် စဉ်းစားဉာဏ်ရင့်သန်စေရေး ပုံဖော်ပေးကြရန်နှင့် လူရည်ချွန်၊ လူရည်မွန်များ ဖြစ်အောင် အခြေခံပညာမှစ၍ လေ့ကျင့်ပေးကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းထူးချွန်ဆုရရှိသူများကို ဆုများချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၀၉)သို့ သင်တန်းသား ၃၁ ဦး၊ သင်တန်းသူ ၃၆၀ စုစုပေါင်း ၃၉၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၇ ရက်မှ ဩဂုတ် ၈ ရက်အထိ ရက်သတ္တပတ် ငါးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်ရှိ စာသင်ဆောင်များ၊ သင်တန်းသား အိပ်ဆောင်နှင့် စားရိပ်သာများ၊ စာသင်ခန်းမများအတွင်း ဘာသာရပ်ပို့ချမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ထို့နောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ လာရောက် သင်တန်းတက်ကြသည့် ဝန်ထမ်းများအားလုံးကို လေ့ကျင့်ပေးရာတွင် နိုင်ငံတော်အတွက် အားကိုးအားထားဖြစ်စေသည့် ဝန်ထမ်းကောင်းများဖြစ်အောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ဂုဏ်ယူစွာဖြင့် စေတနာထားဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းမှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)၌ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့မွန်းလွဲပိုင်းက အသစ်ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နေရာဌာနအသစ်တွင် စတင်ဆောင်ရွက်ရသည့်အတွက် ကြုံတွေ့နိုင်သည့် အခက်အခဲများအပေါ် အနာဂတ်မျိုးဆက်သစ်များ၏ အကျိုးကိုမျှော်မှန်းပြီး စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ပြောင်းရွှေ့မှု၊ နေထိုင်သွားလာမှုနှင့် သင်ကြားရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် စနစ်တကျစီမံထားပြီးဖြစ်ကြောင်းနှင့် လိုအပ်ချက်ရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် စိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ သင်ကြားရေး ဆရာ ဆရာမများ၊ စီမံနှင့် ရုံးလုပ်ငန်းဆိုင်ရာဝန်ထမ်းများက အခက်အခဲနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်ချက်များ စီမံဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၈

မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ မြို့မိမြို့ဖများ၊ ကျောင်းသားဟောင်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခင်ကျင်းပခဲ့သည့် အစည်းအဝေးများတွင် လျာထားခဲ့သည့် လုပ်ငန်းအစီအစဉ် ၂၅ ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး ဖွဲ့စည်းထားသည့် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အသေးစိတ်ချမှတ်ထားရှိကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများက မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လျာထားခဲ့သည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ မြို့မိမြို့ဖများနှင့် ကျောင်းသားဟောင်းများက ဆောင်ရွက်ပြီးစီးမှုများနှင့် အကြံပြုချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့၌ မြို့နယ်အဆင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ အစည်းအဝေး ကျင်းပ

ကော့သောင်း ဩဂုတ် ၈

ကော့သောင်းမြို့တွင် မြို့နယ်အဆင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ အစည်းအဝေးကို ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီ အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်က အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ဆောင်ရွက်သည့်လုပ်ငန်းများ၊ (၂၀၂၃-၂၀၂၄) (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ်များအတွင်း လုပ်ငန်းဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များကို PowerPoint ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များက ကော်မတီနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းသတ်မှတ်ကာ မြို့နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# တပ်ကုန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

တပ်ကုန်း ဩဂုတ် ၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ "ရောင်ခြည်ဦး" စာကြည့်တိုက်၊ ရှောက်ကုန်းကျေးရွာ "မျိုးဆက်သစ်" စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။



ဦးစွာ မကျီးပင်ကျေးရွာ "ရောင်ခြည်ဦး" စာကြည့်တိုက်၊ ရှောက်ကုန်းကျေးရွာ "မျိုးဆက်သစ်" စာကြည့်တိုက် အဆောက်အအုံသစ်တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာ ခင်မောင်ထွန်းနှင့် ဦးဗန်လာလ်တလွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်မှူးများနှင့် သက်ဆိုင်ရာကျေးရွာ တာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များ ပေးအပ်ကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက်စာကြည့်တိုက်များအတွင်း ကျောင်းသားလူငယ်လူရွယ်များ၊ ဒေသခံပြည်သူများ စာပေဖတ်ရှု လေ့လာနေမှုနှင့် စာအုပ်စာစောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# ပုလောမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

ပုလော ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက ပုလောမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင်အထက်/အလယ်တန်းအဆင့် စာစီစာကုံး၊ အထက်တန်းအဆင့် ဥာဏ်စမ်းပဟေဠိ၊ အထက်တန်းအဆင့် ကျပန်း၊ အထက်တန်းအဆင့် စကားရည်လု၊ အလယ်တန်းအဆင့်ပုံပြင်၊ မူလတန်းအဆင့် ကဗျာရွတ်ဆို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများ၊ စာပေဆွေးနွေးပွဲများတွင် ပါဝင်အားဖြည့် ဆွေးနွေးသူအငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာနှင့်အဖွဲ့တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦး-ဥသျှစ်ကုန်းလမ်းမှ ဖျက်ကလေးကျေးရွာချင်း အဝင်လမ်းအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးမှုနှင့် ဒိုက်ဦးမြို့နယ် ဒိုးတန်ကျေးရွာနေ တောင်သူဦးမောင်စိုး၏အောင်နိုင်တိုးအထွက်တိုးမျိုး စံပြမိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးမြို့နယ် ပြည်တော်အေးကျေးရွာရှိ ဥဿာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမ အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ သမဝါယမ အသင်းများဖွဲ့စည်းပေးသည်။ ထို့ပြင် တောင်သူများ အဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သီးနှံများ ဈေးကွက်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ များကို ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အသင်းပိုင်ငါးမွေးကန်များ၌ ငါးမြစ်ချင်းငါးမျိုးများ စိုက်ထည့်ပေးခဲ့ပြီး ဒေသကြက်မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သနပ်ပင်မြို့နယ် ဖရဲကျေးရွာသို့ရောက်ရှိပြီး ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ရေး စီမံကိန်း(RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေငါးအစုအဖွဲ့၏ ငါးစိမ်းခြောက် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အခြေခံစက်ချုပ်ပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူများ၏ စက်ချုပ်ဆိုင်လုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်အသုံးပြုနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ Myanma Awba Bio Tech ကုမ္ပဏီလီမိတက်၏ Organic Compound Fertilizer စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး စွန့်ပစ်ပစ္စည်းများမှ သဘာဝမြေဩဇာထုတ်လုပ်မှုကို အားပေးဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသော သဘာဝမြေဩဇာများကို တောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြား၍ စက်ရုံအတွင်း သဘာဝမြေဩဇာ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ





နေပြည်တော် ဩဂုတ် ၈

ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) စုဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှင်ဦး၊ ဒုတိယဝန်ကြီး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနကြီးမှူးများ၊ CPU အဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည် သဘောပေါက်ပြီး အဂတိလိုက်စားမှု ဖြစ်ပေါ်စေနိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်နိုင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ပါကြောင်း။

**တိုက်တွန်းပြောကြား**

အဂတိ လိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့် ဖြစ်ပေါ်နိုင်သည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာ ရှောင်ကြဉ်ရန် အထူးလိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit – CPU) ကို ဖွဲ့စည်း၍ အဂတိလိုက်စားမှု လျော့နည်းပပျောက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး ယနေ့အခမ်းအနားသို့ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများကလည်း မိမိတို့မှ တစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းများသို့ပြန်လည်မျှဝေပေးခြင်းဖြင့် အဂတိကင်းသော လူမှုပတ်ဝန်းကျင်ကို တည်ဆောက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူ၍ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းဆိုသည့် နည်းလမ်း သုံးသွယ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူ လက်တွဲ၍ တွန်းလှန် တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ ဘဝများ သာယာဝပြော လာစေမည်ဖြစ်ကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဦးစွာ တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် အစိုးရက ချမှတ်ထားသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်သူ့အကျိုးအတွက် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဝန်ဆောင်မှုပေးရခြင်းဖြစ်သည့်အတွက် မိမိအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက် အသုံးချခြင်း မပြုဘဲ အများပြည်သူအကျိုးရှေးရှု ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အခမ်းအနားအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ခေါင်းဆောင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘားအံမြို့၌ လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဆင်း



ဘားအံ ဩဂုတ် ၈

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (ဘားအံ)မှ အမျိုးသမီးများ ဝင်ငွေတိုးတက်ရေး ဆောင်ရွက်မည့် လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဩဂုတ် ၆ ရက်က ဘားအံမြို့နယ် ကျော့ရွာကျေးရွာ၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ကြူကြူလှိုင်က အမှာစကားပြောကြားပြီး သင်တန်းထွက်ကုန်ချောပစ္စည်းများ ပေးအပ်သည်။

အဆိုပါ လက်ရက်ကန်း ဒီဇိုင်းတီထွင်ဆန်းသစ်မှု နည်းပညာသင်တန်းကို သင်တန်းသူ ၁၀ ဦးဖြင့် ဇူလိုင် ၈ ရက်မှ ဩဂုတ် ၆ ရက်အထိ စာတွေ့ လက်တွေ့ဖြင့် တစ်လကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ငပုတောမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး



ငပုတော ဩဂုတ် ၈

ဧရာဝတီတိုင်း ဒေသကြီး ငပုတော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးသန်းဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ဂျမ်းကပ်-ဇရုတ်ကောင်းတောင် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်ရေး အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် ဂျမ်းကပ်-ပေါ်ဖော ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးနိုင်ရေး အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းဆင်းပွဲနှင့် ညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual စနစ်ဖြင့် တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရရှိသူသုံးဦးထံ ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းသားများထံ သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် လျှပ်စစ်ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေသူ သင်တန်းသား သင်တန်းသူ ၅၈ ဦး တက်ရောက်ပြီး အခြေခံလျှပ်စစ်တိုင်းတာရေးမီတာများ၊ အခြေခံအီလက်ထရောနစ်၊ အေစီ၊ ဒီစီ မော်တာများနှင့် မော်တာနှိုးခလုတ်၊ အေစီ၊ ဒီစီ လျှပ်ထုတ်စက်များ၊ လျှပ်စစ်ပတ်လမ်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ လျှပ်တာပြောင်း၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲအကာအကွယ်ပြု မြေဓာတ်ချစနစ်၊ လျှပ်စစ်ဝါယာကြိုးများ၊ ကောင်းကင်ဓာတ်အားလိုင်း၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ လျှပ်စစ်ကြိုးသွယ်တန်းပြီး စစ်ဆေးခြင်းနှင့် မြေဓာတ်ချစစ်ဆေးခြင်း၊ ဆိုလာဓာတ်အားပေးစနစ်၊ လျှပ်စစ်သွယ်တန်းတပ်ဆင်မှုတို့၏ အကျိုးနှင့် အပြစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ရုတ်ခြည်းဗို့အားမြင့် ကာကွယ်ရေးကိရိယာများ၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံဆိုင်ရာ သိမှတ်ဖွယ်ရာများ စသည့် ဘာသာရပ် ၁၆ မျိုးကို ဇွန် ၁၆ ရက်မှ ဩဂုတ် ၈ ရက်အထိ ရက်သတ္တ ရှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံအတွင်းရှိ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရေး အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအတွင်းရှိ အထည်ချုပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရေး အစည်းအဝေးသို့ တက်ရောက် သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားငွေရရှိသော လုပ်ငန်းများအနက် အထည်ချုပ်လုပ်ငန်းများသည် ထိပ်ဆုံးမှ ပါဝင်နေသည့်အတွက် လုပ်ငန်းများမတိမ်ကောအောင် အားပေးသင့်ကြောင်း၊ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းများ တွေ့ကြုံနေရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ပြည်တွင်းရှိအထည်ချုပ်စက်ရုံများ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်အစီအစဉ်၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းတို့မှ တာဝန်ရှိသူများ၊ အမိုးသွပ်ပြားလုပ်ငန်းရှင်များနှင့်အတူ လျှင်ကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအား ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများထုတ်လုပ်နိုင်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသံနှင့် သံမဏိအသင်းတို့မှ တာဝန်ရှိသူများနှင့် အမိုးသွပ်ပြားလုပ်ငန်းရှင်များက အမိုးသွပ်ပြားလိုအပ်ချက်များနှင့် ထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura အား ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့အကြား လူမှုရေးမူဝါဒ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး(ရှေ့ဦးကာလ လေ့လာသင်ယူမှု) လုပ်ငန်းအစီအစဉ် (Work Plan)များ လက်မှတ်ရေးထိုး၍ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ၊ ဝန်ကြီးဌာနနှင့် UNICEF တို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNICEF ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**မအူပင် ဩဂုတ် ၈**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက်တွင် အိုင်ဝိုင်းကျေးရွာ မအူပင်စက်မှုဇုန်ရှိ New Talent အထည်ချုပ်စက်ရုံ၌ ဆောင်ရွက်သည်။



အသိပညာပေးဟောပြောပွဲတွင် မအူပင်မြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေးက စက်ရုံရှိဝန်ထမ်းများနှင့် သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များအား မီးဘေးအန္တရာယ်မဖြစ်ပွား မပေါ်ပေါက်စေရေး၊ မီးဘေးအန္တရာယ် ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မီးဘေးအန္တရာယ် ဖြစ်ပွားလာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စက်ရုံ၌တပ်ဆင်ထားသည့် မီးဘေး ကြိုတင်ကာကွယ်ရေး ပစ္စည်းများ အသင့်ရှိနေစေရေး အသိပညာပေးဟောပြောသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

# မုဒုံမြို့၌ ရော်ဘာအစေးခြစ်လုပ်သားကျွမ်းကျင်မှု သင်တန်းဆင်း

**မုဒုံ ဩဂုတ် ၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက်တွင် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာ ဖွံ့ဖြိုးရေးခြံ (မုဒုံ) သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။




**ဆွေးနွေးပြောကြား**

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် အငြိမ်းစားပညာရှင် ဆရာကြီး ဦးဝင်းတင်က သင်တန်းတွင် အစေးခြစ်ပညာနှင့် အစေးစုသိမ်းပုံများကို သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ စနစ်တကျ ပေါက်ခြစ်စနစ်နှင့် အစေးခြစ်ခြင်းကြောင့် အခေါက်ကျန်းမာ သက်သာပြီး စီးပွားရေးသက်တမ်း ပိုရှည်မည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရရှိသော သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူ များက ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဂုဏ်ပြုဆောင်းပါး

# လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ ...

**မောင်လေပြေ (တောင်တွင်း)**

**လူငယ်ဟူသည် လန်းဆန်းတက်ကြွ၊ နုနယ်ပျိုမျစ်၊ ရဲရင့်ဖျတ်လတ်၍ အရိုးခံစိတ်ထားရှိကြသူများ ဖြစ်ကြပါသည်။ မွေးကြိုင်လန်းဆန်း ရောင်စုံပန်းတို့ ပွင့်လန်းဝေဆာအလှဖြာကြသကဲ့သို့ ကမ္ဘာလောက ဖွံ့ဖြိုးရအောင် လူငယ်တို့ဘဝဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ပဲ့ကိုင်ထိန်းကျောင်း တည့်မတ်ပေးကြရမည် ဖြစ်ပါသည်။ လူငယ်များသည် ကမ္ဘာလောကကြီး၏ အနာဂတ်၊ တိုင်းပြည်နှင့် လူမျိုးတိုင်းအတွက် အရင်းအနှီး ကောင်းများပင် ဖြစ်ကြပါသည်။**

ယနေ့ကာလတွင် နိုင်ငံတိုင်း၊ လူမျိုးတိုင်းက တိုင်းပြည်အနာဂတ်များဖြစ်သော လူငယ်များကို အကောင်းဆုံး ပြုစုပျိုးထောင်ပေးလျက်ရှိကြသည်။ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ရှစ်ဘီလီယံကျော် ရှိသည့်အနက် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်ဦးရေသည် ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းခန့် ရှိကြောင်းနှင့် ယင်းလူငယ်ဦးရေ၏ ၉၀ ရာခိုင်နှုန်း နီးပါးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသူများ ဖြစ်သည်ဟု လေ့လာသိရှိရပါသည်။

ကမ္ဘာ့လူငယ်ဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အာရှ-ပစိဖိတ်ဒေသမှဖြစ်ပြီး ဒေသတွင်း စုစုပေါင်း လူဦးရေ၏ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရှိရပါသည်။ အာဆီယံဒေသတွင်း၌လည်း လူဦးရေ စုစုပေါင်း၏ ၃၄ ရာခိုင်နှုန်းနီးပါးသည် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပါသည်။ မိမိတို့မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ် ကြားဖြတ် လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ ၁၆ ဒသမ ၈၉ သန်းမှာ အသက် ၁၅ နှစ်မှ ၃၄ နှစ်အထိ လူငယ်များဖြစ်ကြပြီး နိုင်ငံစုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်ရှိသည်ဟု လေ့လာသိရှိရပါသည်။

ထိုကဲ့သို့သော ကမ္ဘာ့လူငယ်ထုတို့ ဖွံ့ဖြိုးတိုးတက်စေလိုမှုကိုအကြောင်းပြု၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ဟူ၍ ဖြစ်ပေါ်လာရပါသည်။

**အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**

၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဖြစ်ပါသည်။ ၁၉၉၉ ခုနှစ်က လစ်စဘွန်းမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့လူငယ်ရေးရာ ဝန်ကြီးများညီလာခံက ထောက်ခံအတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အမှတ် ၅၄/၁၂၀ အရ နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာလူငယ်များနေ့**အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ နှစ်စဉ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့်သက်ဆိုင်သည့် ဆောင်ပုဒ်သတ်မှတ်ကာ ဩဂုတ်လ ၁၂ ရက်နေ့တွင်ကျင်းပလျက်ရှိကြပါသည်။

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ကျင်းပရသည့်ရည်ရွယ်ချက်တွင် ကမ္ဘာတစ်ဝန်းရှိ လူမှုအသိုက်အဝန်း၌ လူငယ်များ၏အနာဂတ်ကို အလေးထားလာရန်နှင့် မြှင့်တင်ရန်အတွက် ကျင်းပခြင်းလည်း ပါဝင်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ လူငယ်များရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို နိုင်ငံတကာအသိုင်းအဝိုင်းက အလေးဂရုပြုလာစေရေးနှင့် မျက်မှောက်ကမ္ဘာ့ရေးရာများတွင် လူငယ်များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလာစေရေးတို့အတွက် နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၌ ကျင်းပလျက်ရှိကြပါသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အတွက် သတ်မှတ်ထားသောဆောင်ပုဒ်မှာ **"လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့" "Local Youth Actions For The SDGs And Beyond"** ဟူ၍ ဖြစ်ပါသည်။

ကုလသမဂ္ဂကချမှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) ပြီးဆုံးရမည့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူငယ်ဦးရေမှာ ၁ ဒသမ ၃ ဘီလီယံခန့် ရှိလာမည်ဖြစ်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် အဓိက မောင်းနှင်အားများဖြစ်သော ထိုလူငယ်ထုသည် စွမ်းဆောင်ရည်မြင့်မားကာ တော်တတ်၊ ထက်မြက်နေရန် အထူးလိုအပ်လှပါသည်။ နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံ၌လည်း လူငယ်ကဏ္ဍ အထူးအလေးထား မြှင့်တင်ကာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

လူငယ်ရေးရာဦးစီးဌာန၏ မူဝါဒများမှာ

(၁) လူငယ်များကို ၎င်းတို့၏ ရည်မှန်းချက်များနှင့် စိတ်ဝင်စားမှုများအား ဆောင်ရွက်နိုင်စေရန်အတွက် ကူညီပံ့ပိုးပေးရန်၊

(၂) လူငယ်ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များဖြင့် လူ့အဖွဲ့အစည်းအတွင်း လူငယ်များ ပါဝင်ဆောင်ရွက်မှုကို အားပေးရန်၊

> **"ကုလသမဂ္ဂကချမှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals - SDGs) ပြီးဆုံးရမည့် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူငယ်ဦးရေမှာ ၁ ဒသမ ၃ ဘီလီယံခန့် ရှိလာမည်ဖြစ်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် အဓိကမောင်းနှင်အားများဖြစ်သော ထိုလူငယ်ထုသည် စွမ်းဆောင်ရည်မြင့်မားကာ တော်တတ်၊ ထက်မြက်နေရန် အထူးလိုအပ်လှပါသည်။ နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံ၌လည်း လူငယ်ကဏ္ဍ အထူးအလေးထားမြှင့်တင်ကာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနက မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိ"**

(၃) လူငယ်များကို ဆောင်ရွက်မှု အရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၄) လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့်ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရန်၊

(၅) နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် လူငယ်များက အဓိကအခန်းကဏ္ဍတစ်ရပ်မှနေ၍ စည်းလုံးညီညွတ်စွာဖြင့် ဦးဆောင်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်လာနိုင်စေရန်၊

(၆) ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှု အရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွန်းစေရန်၊

(၇) အနုပညာ၊ အားကစားလှုပ်ရှားမှုများ အပါအဝင် လူငယ်ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ပြီး အချင်းချင်းအပြန်အလှန် ထိတွေ့ဆက်ဆံ သင်ယူနိုင်မည့် လူငယ်စင်တာများ ထူထောင်ပေးရန်တို့ ဖြစ်ပါသည်။

ရည်မှန်းချက်များအနေဖြင့်

(၁) နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်အတွက် လူငယ်များကို အားကစားနှင့် ဆွဲဆောင်စည်းရုံးပြီး စနစ်တကျ ပြန်လည်ပြုစုပျိုးထောင်ရန်၊

(၂) လူငယ်များအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြီး နိုင်ငံနှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်များ တိုးပွားလာစေရန်နှင့် နိုင်ငံတော်ကို ကာကွယ်လိုစိတ်များ ပေါ်ထွန်းလာစေရန်၊

(၃) လူငယ်များအတွင်း အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေတို့ကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ တိုးပွားလာစေရန်၊

(၄) လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ သိပ္ပံနည်းပညာ၊ လူမှုရေး စသည့် ကဏ္ဍများတွင် ပိုမိုပြည့်ဆည်းမြှင့်တင် ဆောင်ရွက်ပေးနိုင်စေရန်၊

(၅) မသန်စွမ်းလူငယ်များ၏ အခွင့်အရေး ကာကွယ်ရေးနှင့် မသန်စွမ်းလူငယ်များဘဝ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်နိုင်စေရန်၊

(၆) လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးလာစေရန်၊

(၇) နိုင်ငံတကာလူငယ်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ရင်းနှီးစွာ ထိတွေ့ဆက်ဆံပြီး လူငယ်များအကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်စေရန်တို့ ဖြစ်ကြောင်း လေ့လာမှတ်သားရပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် အောက်ပါအတိုင်း လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်-

(၁) လူငယ်လူရွယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် အသင်းအဖွဲ့များဖွဲ့စည်းခြင်း၊ အသင်းအလိုက် လှုပ်ရှားမှုများ ဆောင်ရွက်စေခြင်းနှင့် လူငယ်ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ဆောင်ရွက်မည်။

(၂) လူငယ်များ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုသုခုမများကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းတတ်လာစေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပြည်တွင်း/ ပြည်ပ အနုပညာများ၊ ယဉ်ကျေးမှု စသည့် နှီးနှောဖလှယ်ပွဲအစီအစဉ်များကို မြှင့်တင်ချိတ်ဆက် ဆောင်ရွက်မည်။

(၃) လူငယ်များ အားကစားကို စိတ်ပါဝင်စားပြီး နေ့စဉ်အားကစားလှုပ်ရှား ကစားလာစေရေးအတွက် ပညာပေးဟောပြောခြင်း၊ အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် မိမိတို့၏ သက်ဆိုင်ရာ တိုင်းရင်းသားစာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို လူငယ်များအနေဖြင့် မြတ်နိုးထိန်းသိမ်းနိုင်စေမည့် အစီအမံများ ဆောင်ရွက်သွားမည်။

(၄) လူငယ်များအကြား တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားပညာပေးရေး၊ အသိပညာ ပြန့်ပွားရေးနှင့်ဆက်နွယ်သော ကိစ္စရပ်များဆိုင်ရာ လူထုစစ်တမ်းများ သုတေသနပြုလုပ်ရာတွင် လူငယ်များကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်အောင် လုပ်ဆောင်မည်။

(၅) နိုင်ငံအတွင်းရှိ လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ သိပ္ပံနည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှုကဏ္ဍများအတွက် အနာဂတ်ဖွံ့ဖြိုးမှု အလားအလာကောင်းများကို ဖြည့်ဆည်းနိုင်ရေး မဟာဗျူဟာလမ်းညွှန်ချက်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၆) လူငယ်များခရီးသွားခြင်းနှင့် ဒေသန္တရဗဟုသုတကြွယ်ဝခြင်းကို အားပေးမြှင့်တင်ရန်အတွက် လိုအပ်သောအစီအစဉ်များကို လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၇) နိုင်ငံတကာလူမှုအသိုက်အဝန်းတွင် မြန်မာလူငယ်များ၏ ဂုဏ်သိက္ခာအရည်အသွေးနှင့် အဆင့်အတန်း မြင့်မားလာစေရန်အတွက် နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ဘာသာပေါင်းစုံ နှီးနှောဖလှယ်ရေးအစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအမံများ ဆောင်ရွက်သွားမည်။

(၈) လူငယ်များ အလုပ်အကိုင်ရရှိစေရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (EYE) အရ လုပ်ငန်းခွင်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ကဏ္ဍနှင့် နည်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်ရေး (TVET) ကဏ္ဍတို့ ဆက်စပ်မှု ပိုမိုအားကောင်းလာစေရန်အတွက် သက်ဆိုင်ရာအကြံပေးပညာရှင်များ၊

**စာမျက်နှာ ၉ သို့** ■

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့အခမ်းအနားများ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် မေတ္တာအခါတော်နေ့ အခမ်းအနားများကို ယနေ့ နံနက် ၅ နာရီခွဲမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင်ဈေ့ခံတန်ဆောင်း၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ မေတ္တာအခါတော်နေ့ အသံမစဲမေတ္တာပို့အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့်ဂါထာတော်ဖြင့် ဘုရားရှင်ကိုပင့်လျှောက်ထားခြင်း၊ နတ်ဗြဟ္မာများအားဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့်ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာအမွှန်းဂါထာရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေခြင်း၊ ကမ္ဘာသူကမ္ဘာသား၊ ဝေနေယျသတ္တဝါအပေါင်းတို့အား စုပေါင်းမေတ္တာပို့သခြင်းတို့ကို ဆောင်ရွက်ကြသည်။



ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ စုရပ်မှစတင်၍ ပန်းပေါင်း ၈၄၀၀၀ ဖြင့် ဆင်ယင်ပူဇော်ထားသည့် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ပန်းစေတီများပင့်ဆောင်၍ ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့အား ရည်မှန်းပူဇော်သည့်အနေဖြင့် အရှေ့ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကကုသန္ဓရုပ်ပွားတော်၊ တောင်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကောဏာဂမနရုပ်ပွားတော်၊ အနောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကဿပရုပ်ပွားတော်၊ မြောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ဂေါတမရုပ်ပွားတော်တို့အား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများကလည်းကောင်း၊ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများကလည်းကောင်း ပန်းစေတီများကိုကပ်လှူပူဇော်ကြသည်။

### နဝင်္ဂသီလခံယူဆောက်တည်

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချ အနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြပြီးဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

# မိုးနဲမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



တောင်ကြီး ဩဂုတ် ၈

ရှမ်းပြည်နယ် သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က မိုးနဲမြို့နယ် မောက်ခမ်းစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းကို ဩဂုတ်ပထမပတ်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး အသင်းကလိုအပ်သည့် သွင်းအားစုများ ရရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပြီး မိုးနဲမြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန်နှင့် လျာထားချက်ပြည့်မီအောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

■ စာမျက်နှာ ၈ မှ

တာဝန်ရှိပုဂ္ဂိုလ်များပူးပေါင်း၍ အလုပ်ရုံဆွေးနွေး ပွဲများ၊ လက်တွေ့ကွင်းဆင်းဆောင်ရွက်မှုများ၊ သင်ရိုးညွှန်းတမ်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများကို ပြုလုပ်သွားပါမည်။

(၉) လူငယ်များအနေဖြင့် အဖွဲ့အစည်းများနှင့် ဆောင်ရွက်ခြင်း၊ အလေ့အကျင့်ရရှိစေရန်နှင့် သက်တမ်းအလိုက် အဖွဲ့အစည်းများ ဖွဲ့စည်းပေးရန် (ဥပမာ- ယခင်ဖွဲ့စည်းခဲ့သော တေဇလူငယ်၊ ရှေ့ဆောင်လူငယ်၊ လမ်းစဉ်လူငယ်၊ ကင်းထောက်လူငယ်) နှင့် ၎င်းအဖွဲ့အစည်းများတွင် ဝါသနာတူရာ (စာပေ၊ ဂီတ၊ အနုပညာ၊ သိပ္ပံပညာ၊ ကွန်ပျူတာ(IT)၊ အားကစား၊ ယဉ်ကျေးမှု) ဘာသာရပ်များ စုပေါင်းလေ့လာ ဆည်းပူးနိုင်ရန်အတွက် အခွင့်အလမ်းများ ဆောင်ရွက်ပေးရန်၊ နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်လေ့လာနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။

(၁၀) လူငယ်များနှင့်ပတ်သက်၍ လူငယ်များ၏ အခွင့်အရေးကို ကာကွယ်ပေးသည့် ဥပဒေရေးဆွဲပေးခြင်း စသည်တို့ပင်ဖြစ်ပါသည်။

စာရေးသူသည် လူငယ်ရေးရာဦးစီးဌာန၏ ဖိတ်ကြားချက်အရ အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူလေးများ တစ်နည်းအားဖြင့် လူငယ်လေးများကို ဟောပြောခွင့် ရရှိခဲ့ပါသည်။ အထူးသဖြင့် လူငယ်လေးများ စာဖတ်ခြင်းအလေ့ ထွန်းကားလာရေးကို ဦးတည်ဟောပြောဖြစ်ခဲ့ပါသည်။

လူငယ်ဆိုင်ရာဥပဒေများတွင် လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ လူငယ်အရွယ်တွင် စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် လူငယ်တို့၏စိတ်ထဲတွင်

**“လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကိုဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ လူငယ်အရွယ်တွင် စာပေဖတ်မှတ်လေ့လာခြင်းအားဖြင့် လူငယ်တို့၏စိတ်ထဲတွင် ရဲဝံ့စွန့်စားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်များ ဖြစ်ပေါ်လာကာ အသိဉာဏ်ပညာဆင်ခြင်တုံတရားများဖြင့် ထိန်းချုပ်၍ ဖွံ့ဖြိုးတိုးတက်သော လူငယ်လေးများ ဖြစ်လာမည်ဖြစ်ပါသည်။ သို့မှသာ လူငယ်မောင်မယ်လေးများသည် အတ္တဟိတ၊ ပရဟိတစိတ်မျှတစွာ မွေးမြူ၍ မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိတို့လူ့ဘောင်လောက သာယာလှပအောင် စွမ်းဆောင်နိုင်ကြမည်”**

ရဲဝံ့စွန့်စားလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်များ ဖြစ်ပေါ်လာကာ အသိဉာဏ်ပညာဆင်ခြင်တုံတရားများဖြင့် ထိန်းချုပ်၍ ဖွံ့ဖြိုးတိုးတက်သော လူငယ်လေးများ ဖြစ်လာမည်ဖြစ်ပါသည်။ သို့မှသာ လူငယ်မောင်မယ်လေးများသည် အတ္တဟိတ၊ ပရဟိတစိတ်မျှတစွာ မွေးမြူ၍ မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိတို့လူ့ဘောင်လောက သာယာလှပအောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။

### လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်း

နိုင်ငံတော်က အားကိုးအားထားရသည့်လူငယ်များဖြစ်လာစေရေး လူငယ်များ၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အလားအလာကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရေးအတွက် လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်းပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မဟာဗျူဟာစီမံချက် ၂၀၂၅-၂၀၂၉ ကိုလည်း ရေးဆွဲပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေး အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းအားဖြင့် လူငယ်များနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်လူ့အဖွဲ့အစည်းကို တည်ဆောက်သွားနိုင်ကြမည်ဖြစ်ပါသည်။

လူငယ်ရေးရာဦးစီးဌာန၏ ရည်မှန်းချက်များတွင် **နိုင်ငံတကာ လူငယ်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ရင်းနှီးစွာ ထိတွေ့ဆက်ဆံပြီး လူငယ်များအကျိုးအတွက် ပိုမိုဆောင်ရွက်နိုင်စေရန်**ဟူ၍ပါရှိရာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို အကြောင်းပြု၍ လူငယ်ထုအကြား ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများမှ လူငယ်များနှင့် ချစ်ကြည်ရင်းနှီးကာ ယဉ်ကျေးမှုနည်းပညာ အတတ်ပညာ နယ်ပယ်စုံတွင် ပေါင်းစည်းယှက်နွယ်ပညာဖလှယ်နိုင်အောင် လူငယ်ထု၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် အထောက်အကူကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသာမက စိတ်ပိုင်းဆိုင်ရာတိုးတက်မှုများ ဖြစ်ပေါ်စေပြီး လူမှုဘဝအရည်အသွေးတိုးတက်လာစေခြင်းဖြစ်သည်။ လူငယ်ထု၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် လူငယ်ရေးရာဦးစီးဌာနအနေဖြင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် အကောင်အထည်ဖော်ရေး ရာနှုန်းပြည့်ဦးတည်လျက်ရှိသည်ကို လေ့လာသိရှိရပါသည်။

### ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ မရှိမဖြစ်လိုအပ်

ကမ္ဘာလောကနှင့်နိုင်ငံအသီးသီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးတက်ဆန်းသစ်သည့်အတွေးအခေါ်ရှိသော၊ နုပျိုတက်ကြွ၍ အားမာန်အပြည့်ရှိသော၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ မရှိမဖြစ်လိုအပ်ပါသည်။ **ယနေ့လူငယ် နောင်ဝယ်လူကြီး** ဟူသည့် ဆိုရိုးစကားနှင့်အညီ လူငယ်များသည် နောင်တစ်ချိန်တွင် ကမ္ဘာလောကကြီးနှင့် နိုင်ငံအသီးသီး၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြပါသည်။

လူငယ်များအနေဖြင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲခြင်းအားဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ရင်း ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး ဘဝအတွက် စွမ်းဆောင်ရည်မြင့်တက်ကာ တိုင်းပြည်နှင့် လူမျိုးကိုချစ်တတ်သော မိမိအကျိုး၊ နိုင်ငံ့အကျိုး၊ လောကအကျိုးကို သယ်ပိုးနိုင်သော လူတော်လူကောင်းလေးများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား – mosya.gov.mm**

**– နေ့စဉ်ထုတ်သတင်းစာများ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ငူ ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် တောင်ငူမြို့နယ် အတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနိုင်ရေး ကွင်းဆင်း ဆောင်ရွက်သည်။

**ဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် သည် တောင်ငူခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ရှေးဟောင်း ယဉ်ကျေးမှု သမိုင်းဆိုင်ရာအမွေ အနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရာတွင် မူလနေရာ မှန်ကန်ရန်နှင့် မူလအဆောက် အအုံပုံစံများ ထပ်တူကျရန်လိုအပ် မည်ဖြစ်၍ ပထမအဆင့်အနေဖြင့် တူးဖော်ရေးနှင့် သုတေသနပြုရေး သည် အလွန်အရေးကြီးပြီး ရှေးဟောင်းယဉ်ကျေးမှု ဇုန်အလိုက် နယ်နိမိတ် သတ်မှတ်ချက်များ အများပြည်သူ သိရှိနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ မြို့ရိုးပေါ် ရှိ အဆောက်အအုံများနှင့် ချုံနွယ် သစ်ပင်များ ရှင်းလင်းခြင်းအပြင် မြို့ရိုးများအား တစ်ဆက်တစ်စပ် တည်း တူးဖော်ခြင်း၊ ထိန်းသိမ်း ခြင်းများ ဆောင်ရွက်သွားရန်နှင့် နန်းတော်ရာနေရာကို ရှာဖွေ ဖော်ထုတ်ရန် လမ်းညွှန်မှာကြား သည်။



ထို့နောက် တောင်ငူခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ကေတုမတီမြို့ဟောင်း မြို့ရိုးပေါ်တွင် တည်ဆောက်ထား သော အဆောက်အအုံများနှင့် ပတ်သက်၍ နေရာပြောင်းရွှေ့ရ မည့်အစီအမံများကိုလည်းကောင်း၊ တိုင်းဒေသကြီး ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးက ကေတုမတီမြို့ဟောင်း၏ မြို့ရိုး၊ တံခါးပေါက်နှင့် ကျုံးကူးတံတား ပြန်လည်ဖော်ထုတ် တည်ဆောက် သွားမည့် အစီအစဉ်များကိုလည်း ကောင်း၊ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများက ကေတုမတီ မြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတည်ရှိ ရာ ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည် ဖော်ထုတ်နိုင်ရေး အကြံပြု တင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ သည် ကေတုမတီမြို့ဟောင်း နန်းတော်ရာနေရာဟု ယူဆရသည့် နေရာနှင့် ရှေးဟောင်းဘုတ်တလုပ် ကန်၊ မော်ကွန်းတံခါးပေါက်ရှိ ကျုံးကူးတံတား တည်ဆောက် မည့် နေရာတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအားလိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆိုင်ရာ အသိပညာပေးဆောင်ရွက်

ရမည်းသင်း ဩဂုတ် ၈

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မြန်မာ အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် လက်တွေ့စမ်းသပ် မဲပေးခြင်း ဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်း များကို ယနေ့နံနက်ပိုင်းတွင် သင်းရတနာခန်းမ၌ ရမည်းသင်း ခရိုင်/ မြို့နယ် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ရမည်းသင်းမြို့ပေါ် ရပ်ကွက်များမှ ပြည်သူများအား ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ လုပ်ငန်းကို မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး က ဦးဆောင်၍ မြန်မာအီလက် ထရောနစ် မဲပေးစက်အကြောင်း သိကောင်းစရာများနှင့် လက်တွေ့ မဲပေးခြင်းဆိုင်ရာ နည်းစနစ်များ ကို သိရှိစေရန် ရည်ရွယ်၍ အသိ ပညာပေးလုပ်ငန်းဆောင်ရွက်ပေး ရခြင်းဖြစ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်က မြန်မာအီလက် ထရောနစ် မဲပေးစက်ကို အသုံးပြု ၍ ဆန္ဒမဲပေးရခြင်းနှင့်ပတ်သက်ပြီး အဖွင့်အမှာစကား ပြောကြားကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးနေမျိုးအောင်က မြန်မာအီလက်ထရောနစ် မဲပေး စက်ဖြင့် မဲပေးပုံ မဲပေးနည်းစနစ် အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြ ရာ တက်ရောက်လာကြသူများက တစ်ဦးချင်း လက်တွေ့စမ်းသပ်၍ ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**



# ညောင်တုန်းမြို့နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းဆောင်ရွက်

ညောင်တုန်း ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြို့နယ်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် အမြောင်းကျေးရွာရှိ ဘဝလမ်းညွှန်တက္ကသိုလ် စာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းစိုးအောင်က အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်ရေး၊ အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက် စေရေး အိမ်တွင်းမှုသက်မွေးလုပ်ငန်းဆိုင်ရာများ၊ ကျန်းမာရေးအသိပညာ ပေးဆိုင်ရာများကို ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်လှိုင်က စာဖတ်ရှိန်မြှင့်တင်ရေး၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးခဲ့ပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဆည်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် အသိပညာပေးဟောပြော



စဉ့်ကိုင် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင် မြို့နယ် ကျောက်ဆည်တက္ကသိုလ် နှင့် ကျောက်ဆည်ခရိုင် အမှတ်(၉၂) ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်အကြောင်း အသိပညာ ပေး ဟောပြောပွဲကို ယမန်နေ့က အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောက်ဆည် ခရိုင် အမှတ်(၉၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့မှ ရဲအုပ် မိုးကျော်စိုးက အဖွင့်အမှာစကား ပြောကြားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နှင့် ပတ်သက်၍ ဆွေးနွေး ဟောပြောသည်။

ထို့နောက် ရဲအုပ်မိုးကျော်စိုးနှင့် ဝန်ထမ်းများက "ယာဉ်အန္တရာယ် ကင်းရှင်းဖို့ ယာဉ်စည်းကမ်း လိုက်နာကြပါစို့" အသိပညာပေး လက်ကမ်း စာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပ

ဒိုက်ဦး ဩဂုတ် ၈

ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး အန္တရာယ်မှ ကင်းဝေး၍ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော လူတော် လူကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော ပွဲကို ယမန်နေ့က ဒိုက်ဦးမြို့ အမှတ်(၇) စက်ကွင်းရပ်ကွက် ကံ့ကော်ရိပ်ကိုယ်ပိုင်အထက်တန်း ကျောင်း၌ ပြုလုပ်သည်။

**ဟောပြော**

ဦးစွာ ကျောင်းတည်ထောင်သူ ဆရာဦးကျော်သူထိုက်က ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြား ပြီး မြန်မာနိုင်ငံ စာရေးဆရာ အသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါက်တာမြင့်သန်း (ညောင်လေး ပင်)က စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဆရာဦးစိုးဝင်း (မောင်စုမြင်- ညောင်လေးပင်)က ခေါင်းစဉ် မလွဲပါစေနဲ့၊ စာရေးဆရာဦးလှမြင့် (လှမြင့်ဦး-ညောင်လေးပင်)က ကဗျာထဲမှ အညတရသူရဲကောင်း များရှာဖွေခြင်း စသည့်ခေါင်းစဉ် နှင့် စာရေးဆရာ ဦးနေလင်း (နေလင်း-ညောင်လေးပင်) က တော်ဝင်ပန်းတို့ပွင့်ရာ ပညာ့ ဥယျာဉ်ဆိုသော ကံ့ကော်ရိပ် ကျောင်းကို ဂုဏ်ပြုသောကဗျာကို ရွတ်ဆို၍ ဟောပြောခဲ့ကြကြောင်း သိရသည်။



**နေလင်း(ညောင်လေးပင်)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၈

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကလေးမြို့ အခြေခံစာကြည့်တိုက်သင်တန်းဖွင့်ပွဲနှင့် တောင်သူများအား သွင်းအားစု(ယူရီးယား ဓာတ်မြေဩဇာ) ပေးအပ်ပွဲ အခမ်းအနားကျင်းပ




မုံရွာ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိများသည် ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည့် အခြေခံစာကြည့်တိုက် သင်တန်း(၂/၂၀၂၅)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းမှ ရရှိလာမည့် စာကြည့်တိုက်ပညာရပ်များကို ကြိုးစားသင်ယူကြရန်နှင့် လက်တွေ့အသုံးချကာ ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ရရှိလာအောင် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အခြေခံစာကြည့်တိုက် သင်တန်းအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံ ငွေကျပ် ၃၇၅၀၀၀ ကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အခြေခံစာကြည့်တိုက်သင်တန်း ဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကွန်ပျူတာသင်တန်းသင်ကြားနေမှုနှင့် စာကြည့်တိုက်အတွင်း ကလေးလူငယ်များ သုတ၊ရသစာအုပ်စာစောင်များ ဖတ်ရှုလေ့လာနေမှု၊ ကလေးစာဖတ်ခန်းအတွင်းရှိ ကလေးများ ရုပ်ပုံဆက်နေမှုနှင့် ပြတိုက်ငယ်အတွင်း ခင်းကျင်းပြသထားသည့် ကလေးခရိုင်အတွင်းရှိ အထင်ကရနေရာများ၊ ဒေသခံတိုင်းရင်းသားများ၏ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကလေးခရိုင်အတွင်း စိုက်ပျိုးထားသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား သွင်းအားစု(ယူရီးယားဓာတ်မြေဩဇာ)များ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကျေးရွာ ငါးရွာမှ ဒေသခံတောင်သူ ၁၀၀ ကျော်အား ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထိုင်းဘုရင့်လေတပ်မှ အဆင့်မြင့်အရာရှိကြီးများ ခရီးစဉ်လာရောက်



နေပြည်တော် ဩဂုတ် ၈

မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေး အစီအစဉ်အရ ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၄ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးတို့အား တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်က ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ လက်ခံတွေ့ဆုံကာ နှစ်နိုင်ငံလေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများအား စစ်ဦးစီးအရာရှိချုပ်(လေ)က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခရီးစဉ်လာရောက်စဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ ကမ္ဘာအေးဘုရား၊ ပဲခူးမြို့ရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေမော်ဓောဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဝန်ကြီးများရုံး၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ သွားရောက်လေ့လာလည်ပတ်ကြည့်ရှုကြသည်။

ထိုင်းဘုရင့်လေတပ် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# သီးနှံအလိုက် စံပြစိုက်ခင်းစိုက်ပျိုးထားသော တောင်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရှားငံ ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှားငံမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် ပြည်နယ်ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော သီးနှံအလိုက် စံပြစိုက်ခင်းများအတွက် သွင်းအားစုများ ထောက်ပံ့ပေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးသန့်က စိုက်ပျိုးရေးဆိုင်ရာများကို ဆွေးနွေးသည်။

ဆက်လက်၍ ပုလဲဓာတ်မြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ၊ ရွှေရင်အေးစပါးမျိုးစေ့၊ နေကြာမျိုးစေ့များနှင့် မျိုးစေ့ချကိရိယာများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများအား ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာနှင့် ဗဟုသုတမျှဝေခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) စီမံကိန်းအစီအစဉ်ဖြင့် နေပြည်တော်ဇေယျာသီရိအတွင်းရှိ နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာနှင့် ဗဟုသုတမျှဝေခြင်း ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း၌ ကျင်းပသည်။

ဦးစွာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာစိုးဝင်းနိုင်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) စီမံကိန်း အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသော နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တာဝန်ရှိသူများနှင့် မျိုးပွားပညာဆိုင်ရာ ကျွမ်းကျင် ဆရာ ဆရာမများက နွားများ၏မျိုးပွားခြင်းနှင့် ပတ်သက်၍ မျိုးမအောင်ရခြင်း အကြောင်းရင်းများ၊ အာထရာဆောင်း အသုံးပြု၍ စစ်ဆေးခြင်း၊ ဟော်မုန်းဆေးများဖြင့်ကုသခြင်း၊ အထွေထွေ ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသခြင်းနှင့် ခွဲစိတ်ကုသခြင်း၊ မြင်စစ်ဆေးခြင်း၊ မေထုန်မှဲ့သားစပ်ခြင်း၊ ကိုယ်ဝန်ရှိ မရှိစစ်ဆေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေး စောင့်ရှောက်ခြင်းဆိုင်ရာ ပညာရပ်များကို ရှင်းလင်းဟောပြောကြသည်။ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သမဝါယမအသင်းပိုင် လယ်ယာမြေ၌ အထွက်တိုးစပါးမျိုး စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းစစ်ဆေး



ကြံခင်း ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ ကိုးအင်းကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကွင်း၌ သမဝါယမအသင်းပိုင် လယ်ယာမြေတွင် အထွက်တိုးစပါးမျိုး GW-11 စိုက်ပျိုးထားရှိမှုအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ရွှေဝါမြေစိုက်ထုတ်သမဝါယမအသင်းပိုင် လယ်ယာမြေ ၅ ဒသမ ၇၉ ဧက၌ အထွက်တိုးစပါးမျိုး GW-11 အောင်မြင်စွာ စိုက်ပျိုးထားရှိပြီး ကြံခင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ကွင်းဆင်းအဖွဲ့ ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကြံခင်း(ပြန်/ဆက်)**

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၁၀၁ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နောင်ချိုမြို့ တောင်ရပ်ကွက် နယ်မြေ(၃) အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း စသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျောင်းရှစ်ဆယ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအနေဖြင့် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းကို ဩဂုတ် ၅ ရက်က အဆိုပါကျေးရွာအတွင်း ဆောင်ရွက်ပေးစဉ်။ ခင်ခင်မာ(ပြန်/ဆက်)

## ကျောက်တံခါးမြို့၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ကျောက်တံခါး ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွှန့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်းက အာဟာရရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁) ဦးထွန်းထွန်းနိုင်က အာဟာရ ဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အာဟာရဖွံ့ဖြိုးရေး ဗဟုသုတများကို ရှင်းလင်းပြောကြားပြီး မိခင်နှင့် ကလေးကျန်းမာရေးဆရာမ ဒေါ်နန်းနန်းထွေးက အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင် အေဆေးလုံး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင်များအား အစာအုပ်စုသုံးစု အကြောင်း ရှင်းလင်းသင်ပြခြင်းနှင့် စနစ်မှန်နို့တိုက်နည်းကို သင်ကြားပြသပေးပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက အာဟာရဖြစ်စေမည့် အစားအစာများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လှည်းကူးမြို့နယ်၌ အမှိုက်လေးမျိုးခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

လှည်းကူး ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်နည်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက လှည်းကူးမြို့ မြို့မဈေးကြီး၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းနှင့်အဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့နှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့(ဈေးအရာရှိ) ဒုတိယဦးစီးမှူး ဦးမင်းဇော်ထွန်းနှင့် အဖွဲ့၊ လှည်းကူးမြို့နယ် ဈေးသာယာလှပရေးကော်မတီဥက္ကဋ္ဌ ဦးထိန်ဝင်း၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးသန်းဇော်ဝင်းနှင့်အဖွဲ့တို့ ပူးပေါင်း၍ လှည်းကူးမြို့နယ် မြို့မဈေး၌ ဈေးသူ ဈေးသားများအား စွန့်ပစ်ပစ္စည်းများ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုအကြောင်း၊ အမှိုက်လေးမျိုး ခွဲခြားစွန့်ပစ်ခြင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြအစီအစဉ်များ ဆောင်ရွက်သည်။

ထို့နောက် လှည်းကူးမြို့ မြို့မဈေးမှ ဈေးသူ ဈေးသားများအား အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြသ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်ရုံးမှ ပြန်လည်အသုံးပြုနိုင်သော အိတ်များနှင့် အသိပညာပေးလက်ကမ်းစာစောင်များ (အခမဲ့)ဖြန့်ဝေခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းသို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများ ထုတ်ပေးလျက်ရှိရာ ဩဂုတ် ၇ ရက်ကလည်း ဧပြီလ၊ မေလနှင့် ဇွန်လတို့အတွက် တစ်ဦးလျှင် ငွေကျပ် ဖ၀၀၀၀ နှုန်းကို ရွာမအရှေ့ရပ်ကွက် မင်းကြီးလမ်း အင်းစိန်မြို့နယ်ခန်းမတွင် ဆက်လက်ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အင်းစိန်မြို့နယ်အတွင်းသို့ ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူ ၁၇၅၀ အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း(ဧပြီလ၊ မေလ၊ ဇွန်လ)သုံးလစာအတွက် တစ်ဦးလျှင် ငွေကျပ် ဖ၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၅၀၀၀၀၀၀ ကို ယာယီနေရပ်စွန့်ခွာပြည်သူများ လက်ဝယ်အရောက် ပေးအပ်လျက်ရှိကြောင်း သိရသည်။



ဇင်မင်းထိုက်(ပြန်/ဆက်)

## မြင်းခြံဗဟိုအကျဉ်းထောင် ဥယျာဉ်ခြံထွက် ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး



မြင်းခြံ ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး မြင်းခြံဗဟိုအကျဉ်းထောင် ဥယျာဉ်ခြံမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ယနေ့နံနက်ပိုင်းက မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးသည်။

အကျဉ်းထောင် တောင်ယာမှ ထွက်ရှိသော အသီးအနှံဖြစ်သည့် ရုံးပတီသီး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဟင်းနုနယ်ရွက်များအပြင် ကြက်သား၊ ကြက်ဥများကို ဝန်ထမ်းများနှင့် အခြားမိတ်ဖက်ဌာနများကိုလည်း သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းဖြစ်ပြီး ဟင်းသီးဟင်းရွက်များ ရောင်းချပေးနေမှုကို မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကျော်စွာ(မြင်းခြံ)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ဘားအံမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

ဘားအံ ဩဂုတ် ၈

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သောကျောင်းသား ကျောင်းသူများ၊ အောင်ချက်ကောင်းသော မြို့နယ်နှင့် ကျောင်းများ ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက အခမ်းအနားကို မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော ဘားအံတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂၃ ဦး၊ STEAMS–1 ဘာသာတွဲတွင် ပြည်နယ်အဆင့်အမှတ်အများဆုံး သုံးဦး၊ STEAMS–2 ဘာသာတွဲတွင် ပြည်နယ်အဆင့်အမှတ်အများဆုံး သုံးဦး၊ STEAMS–1 ဘာသာတွဲတွင် နိုင်ငံတော်အဆင့် ဒုတိယအဆင့်ရရှိသူ တစ်ဦး၊ အောင်ချက်အကောင်းဆုံးမြို့နယ်များ၊ အောင်ချက်အကောင်းဆုံးကျောင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ယနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုပေါင်း ၂၀၈ ဆု၊ ဂုဏ်ပြုဆုငွေကျပ် ၃၄၈၅၀၀၀၀ ကို ချီးမြှင့်သည်။

ထို့နောက် ဆုရကျောင်းသား ကျောင်းသူများကိုယ်စား ဆုရကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုဖြန့်ဖြူးပြီးစီးမှုများ ကြည့်ရှုစစ်ဆေး

မအူပင် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေသွင်းအားစုဖြန့်ဖြူးပြီးစီးမှုများနှင့် မြို့နယ်အလိုက် သုံးဦးသုံးဖလှယ် စာချုပ်ချုပ်ဆိုပြီးစီးမှုများကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧရာဝတီတိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိုးမင်းနှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဦးစီးမှူးနှင့်အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ၈၆ ဘီလီယံမှ ကြွေးကျန်ဝယ်ယူ၊ ကြိတ်ခွဲမှုများနှင့် မြို့နယ်များအလိုက် သုံးဦးသုံးဖလှယ်စာချုပ်ချုပ်ဆိုပြီးစီးမှုများနှင့် သွင်းအားစုဖြန့်ဖြူးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များအား လမ်းညွှန်မှာကြားသည်။

အဆိုပါစစ်ဆေးရာသို့ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးလွင်၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးသန့်စင်နှင့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# မြဝတီမြို့နယ်၌ ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ

မြဝတီ ဩဂုတ် ၈

ကရင်ပြည်နယ် မြဝတီမြို့၌ ကရင်တိုင်းရင်းသားအားလုံးတို့၏ ရိုးရာယဉ်ကျေးမှု တစ်ခုဖြစ်သည့် ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြဝတီမြို့ ကရင်အမျိုးသား ထာဝရနှစ်သစ်ကူးကွင်း၌ ကျင်းပသည်။

ဦးစွာကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း နာယက ဦးစောမန်းငွေသန်းက အဖွင့်အမှာစကား ပြောကြားပြီး မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းစံလင်း၊ ကရင်ပြည်နယ်နယ်ခြားစောင့်တပ် ကွပ်ကဲရေး



ဌာနချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးကြီးစောချစ်သူနှင့် တာဝန်ရှိသူများက မုဒိတာစကားများ ဆက်လက်ပြောကြားသည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက် ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတော် ဖြစ်မြောက်ရေးအတွက် ကူညီ အားဖြည့်ပေးခဲ့ကြသည့် အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအား ဗိုလ်မှူးကြီးစောချစ်သူက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစောကျော်မြင့်သန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကရင်ရိုးရာချည်ဖြူဖွဲ့ (လက်ချည်)ရန် ပါဝင်ပစ္စည်းများအား ကရင်မောင်မယ်များက စင်မြင့်ပေါ်သို့ ပို့ဆောင်ကာ လိပ်ပြာမောင်နှံ ခုနစ်ဖော်အား ဖိတ်ခေါ်၍ ဆုတောင်းမေတ္တာပို့သပေးခဲ့ကာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် တက်ရောက်လာသော တာဝန်ရှိသူများနှင့် ပရိသတ်များက ချည်ဖြူဖွဲ့ မင်္ဂလာခံယူကာတစ်ဦးနှင့်တစ်ဦး ချည်ဖြူဖွဲ့ခြင်း၊ ဆုတောင်းမေတ္တာ ပို့သခြင်းဖြင့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ**

# ညောင်တုန်းမြို့၌ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန်အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

ညောင်တုန်း ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးက ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့အမှတ်(၃)ရပ်ကွက် မြို့မဈေးတွင် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခဲ့သည်။

အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် ရေဘေး၊ မီးဘေး၊ မိုးခေါင်ရေရှား၊ လေပြင်းတိုက်ခတ်မှု၊ မြေလျှောင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ဆူနာမီဘေးများကို ကြိုတင်ကာကွယ်နိုင်ရန် အသိပညာများပါရှိသည့် လက်ကမ်းစာစောင်များကို မြို့နယ်မီးသတ်လက်ထောက်ဦးစီးမှူး ဦးဇော်မျိုးသောင်း ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးလက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရောဦးသာ**



# ရောင်နီဦးရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရောင်နီဦးရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၅ ရက်က အဆိုပါအသင်းရုံးခန်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ခင်မာချိုက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့က အသင်း၏ လုပ်ငန်းအခြေအနေများကို အသင်းသားများသို့ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်း၍သဘောတူညီချက်ရယူကြသည်။

ယင်းနောက် အသင်းသား ၂၈၆ ဦးအတွက် အသင်းသားအကျိုးဝေစု စုစုပေါင်းငွေကျပ် ၉၅၀၀၀၀၀ နှင့် အသင်းသားလက်ဆောင်များကို ထုတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် အသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သင်ထောက်ကူပြုမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်အရောက် အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အသိပညာပေးဆွေးနွေးခြင်းကို မင်္ဂလာဒုံစက်မှုဇုန်၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးခြင်းကို မင်္ဂလာဒုံစက်မှုဇုန်ရှိ Wedtex ဇာပန်းထိုးစက်ရုံ၊ Linda Fashion ဇာပန်းထိုးစက်ရုံ၊ Saintly Group (Myanmar) Co.,Ltd. အထည်ချုပ်စက်ရုံနှင့် Myanmar DYC ရှူးဖိနပ်စက်ရုံတို့၌ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြတ်ဖြိုးက လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ဦးစီးအရာရှိ ဦးမြတ်ထွဋ်ဦးက အလုပ်သမားဥပဒေပါ ရပိုင်ခွင့်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

**“လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် ဩဂုတ် ၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး စုစုပေါင်း ၂၀ အား ယနေ့တွင် မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံ မှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant/ official Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်း ပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တောင်အာဖရိကနိုင်ငံသားတစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦး၊ တရုတ်နိုင်ငံသားငါးဦးနှင့် မလေးရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ်တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ထုတ်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အလုပ်သမား ဝန်ကြီးဌာနတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေပါ ခံစားခွင့်များရရှိနိုင်စေရေး၊ အလုပ်လုပ်ကိုင်ခွင့်သက်တမ်း အပြည့်အဝရရှိစေရေးနှင့် အလုပ်သမားရေးရာ ကိစ္စရပ်များ ဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေး အတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ( Certificate of Identity– CI ) ထုတ်ပေးရေး လုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံ စမုစခွန်၊ စမုပရာကန်၊ ဆူရတ်ဌာနီနှင့် ချင်းမိုင်တို့တွင် စခန်းလေးခု ဖွင့်လှစ်ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၆ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ထိုသို့ စခန်းများဖွင့်လှစ်ဆောင်ရွက် ပေးလျက်ရှိရာ ထိုင်းစံတော်ချိန် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် အပတ်စဉ် တနင်္လာနေ့နှင့် မြန်မာသံရုံး (ဗန်ကောက်မြို့)မှ သတ်မှတ်ထားသော ရုံးပိတ်ရက်များကို အလုပ်နားရက်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဝေါမြို့နယ်၌ ဥပဒေအရကိုင်ဆောင်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးနှင့် အိမ်ထောင်စုစာရင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**ဝေါ ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးက ကျင်းပပြုလုပ်သည့် ဥပဒေအရကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးနှင့် အိမ်ထောင်စု စာရင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းဖြူဖြူက ဥပဒေအရ ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး၊ အိမ်ထောင်စုစာရင်းဆိုင်ရာများနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးနိုင်ရေးအတွက် နိုင်ငံသားမှတ်ပုံတင်ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းရရှိ ဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟထွန်းက ရွေးကောက်ပွဲအတွက် လူဦးရေသန်းခေါင်စာရင်းကောက်ယူထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး



**လက်ပံတန်း ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး ကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူ သိရှိနိုင်ရေး ဗီနိုင်းချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လက်ပံတန်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမျိုးပိုင်ဦးနှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်ပြီး မြို့နယ် ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံကိန်းဦးစီးဌာနတို့ပူးပေါင်း၍ လက်ပံတန်းမြို့နယ်အတွင်းရှိ ပြေစာကပ်နှိပ်သောဆိုင်များတွင် နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင်အခွန်ပေးဆောင်ပါဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ချိတ်ဆွဲခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အခွန်ဆိုင်ရာ အသိပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မှော်ဘီခရိုင်၌ အာဟာရချက်ပြုတ် သရုပ်ပြပြိုင်ပွဲ ကျင်းပ

**မှော်ဘီ သြဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် မှော်ဘီခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ရီရီလွင်၊ မှော်ဘီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မေထက်ထက်၊ မှော်ဘီခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမော်၊ မြို့နယ်ပညာရေးဦးစီးဌာနဦးစီးအရာရှိဒေါ်ယမင်းဦး၊ မှော်ဘီခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဒေါ်အေးအေးဝင်းတို့က ပြိုင်ပွဲဝင်သည့်အသင်းများအား စိစစ်အကဲဖြတ်အမှတ်ပေးကာ ပြိုင်ပွဲသို့ မှော်ဘီမြို့နယ်မှ အ.ထ.က(၁)နှင့် အ.ထ.က(၂)၊ ထန်းတပင်မြို့နယ်မှ အ.ထ.က(နဲသမိန်)နှင့် အ.ထ.က(ခွဲ)ကျိုက္ခနာကျောင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြိုင်ပွဲဝင်အဖွဲ့များအား ချီးမြှင့်သောဆုငွေကျပ်ငါးသောင်းအား ထန်းတပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်သင်းသင်းအေးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ အခြေခံသမဝါယမအသင်း နှစ်သင်းအား မတည်ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**ပေါင် သြဂုတ် ၈**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခြေခံသမဝါယမ အသင်း နှစ်သင်းအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်သင်းသင်းယုက ထောက်ပံ့ငွေပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အသင်းနှစ်သင်းသို့ ငွေကျပ်သိန်း ၁၁၁ ဒသမ ၈၀၉၂၈၀ ကို ကော်မတီဥက္ကဋ္ဌက ပေးအပ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## ဗိုလ်တထောင်ခရိုင်၌ အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲ ကျင်းပ



**ဗိုလ်တထောင် သြဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင်၌ အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲကို ဗိုလ်တထောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့က သာကေတမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းအောင်ဆန်းခန်းမ၌ ကျင်းပသည်။

ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယုနန္ဒာအောင်က ပြိုင်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ချီးမြှင့်သောပြိုင်ပွဲဝင်အသင်းတစ်သင်းလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၄၅၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြိုင်ပွဲတွင် အထူးဆုရရှိသော အသင်းများအား ခရိုင်ပညာရေးမှူး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်တို့က ဆုများချီးမြှင့်ခဲ့ကြပြီး အကောင်းဆုံးဆုရရှိသော အထက (၆) သာကေတအသင်းအား ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ ဆက်)**

## တိုက်ကြီးမြို့နယ်၌ အောင်နိုင်တိုးစပါးမျိုးသစ် ကွင်းပြပွဲကျင်းပ

**တိုက်ကြီး သြဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ အောင်နိုင်တိုးစပါးမျိုးသစ် ကွင်းပြပွဲကို ယနေ့နံနက် ၈ နာရီက ဥပ္ပံကျေးရွာအုပ်စုအတွင်းရှိ လယ်မြေ ငါးဧကစံပြကွက်၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူအောင်က တောင်သူများအနေဖြင့် သီးနှံများသတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ ဆည်ရေများကို အကျိုးရှိရှိသုံးစွဲရေးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မျိုးစေ့ချကိရိယာနှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးထားပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက အောင်နိုင်တိုး စပါးမျိုးသစ် စိုက်ပျိုးထားမှုအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ်၌ ပန်းခင်း(၃)စီမံချက်ဖြင့် ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

ရွှေတောင် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် အသက် ၁၈ နှစ်ပြည့်မည့်သူများနှင့် ပြည့်ပြီးသူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ယမန်နေ့က ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်ဦးက ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေး**

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းထူးတို့က အချက်အလက်မှန်ကန်စေရေး၊ လုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့၊ ဦးစီးအရာရှိ၊ ရွှေတောင်မြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**



# ထားဝယ်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုး

ထားဝယ် ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် ထားဝယ်မြို့နယ် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်း၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းက မိုးစပါးစိုက်ခင်းများတွင် မြေဩဇာများ အချိန်ကိုက် အချိုးကျထည့်သွင်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ စိုက်ပျိုးသည့် နည်းစနစ်မှန်ကန်စေရေး ဂရုစိုက်ဆောင်ရွက်သွားရန် တောင်သူများအားမှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# ပြင်ဦးလွင်မြို့နယ် ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၈

၂၀၂၅ ခုနှစ် ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ မိုးရာသီ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ခရိုင်အားကစားကွင်းအတွင်း၌ ကျင်းပရာ ခရိုင်အဆင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်မှ ဩဂုတ် ၆ ရက်အထိ ပြိုင်ပွဲဝင်အသင်း ၃၀ ဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အကောင်းဆုံးကစားသမားဆု ရရှိသူများအား ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများနှင့် ဆုဖလားတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# စစ်တောင်းမြစ်ရေနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၈

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၂-၈-၂၀၂၅ ရက်နေ့မှ ၁၃-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ




